**KHRG** ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့

## ခြိမ်းခြောက်မှုအောက်မှ လူနည်းစုများ၊ အန္တရာယ်ကျရောက်နေသော မတူကွဲပြားမှုများ

### မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမြစ်တွယ်နေသော ခွဲခြားဆက်ဆံမှုပုံသဏ္ဌာန်များ

ကရင်လူ့အခွင့်အရေးအဖွဲ့မှ **"ခြိမ်းခြောက်မှုအောက်မှ လူနည်းစုများ၊ အန္တရာယ်ကျရောက်နေသော မတူကွဲပြားမှုများ – မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမြစ်တွယ်နေသော ခွဲခြားဆက်ဆံမှုပုံသဏ္ဌာန်များ"** အမည်ရှိသောအစီရင်ခံစာကို ထုတ်ဝေလိုက်ပြီဖြစ်ကြောင်းအသိပေးအပ်ပါသည်။ တိုင်းရင်းသားလူနည်းစုများသည် ခွဲခြားဆက်ဆံခံရမှုများကြောင့် ၎င်းတို့၏ဝိသေသလက္ခဏာများ ခြိမ်းခြောက်ခံနေရပုံနှင့် နိုင်ငံအတွင်း ပူးပေါင်းလုပ်ဆောင်မှုများတွင်ကန့်သတ်ခံနေရပုံများကိုဤအစီရင်ခံစာမှ ဆန်းစစ်သုံးသပ်ထားပါသည်။ လူနည်းစုလူမျိုးများ၏အခွင့်အရေးနှင့် ဝိသေသလက္ခဏာများကိုကာကွယ်ပေးနိုင်ရန်အတွက် မြန်မာအစိုးရနှင့် ဒေသတွင်းအုပ်ချုပ်ရေးယန္တရားများမှတက်ကြွစွာလုပ်ဆောင်ပေးရမည်ဖြစ်သည်။

မြန်မာအစိုးရသည် ၂၀၁၅ ခုနှစ်မှစ၍ အုပ်ချုပ်ရေးယန္တရားများနှင့် မူဝါဒများအတွင်း လူနည်းစု လူမျိုးများ၏ အခွင့်အရေးများကိုလေးစားလိုက်နာရန် ဥပဒေများကိုပြဋ္ဌာန်းခဲ့ပါသည်။ သို့သော်ထိုဥပဒေများသည် တိုင်းရင်းသား ၁၃၅ မျိုးကိုခွဲခြမ်းထားသည့် အခြေခံအားဖြင့်ချို့ယွင်းချက်များရှိနေသော စနစ်အပေါ်အခြေပြုထားသည်။ ထိုခွဲခြမ်းပုံမှာမြန်မာနိုင်ငံအတွင်းရှိမတူကွဲပြားသောအစုအဖွဲ့များကို အခြေခံအားဖြင့်ခွဲခြားထားခြင်းဖြစ်ပြီး ထိုစာရင်းထဲတွင်သန်းချီသောတိုင်းရင်းသားများ၏လူမျိုးစုများအား ထည့်သွင်းထားခြင်းမရှိသောကြောင့် ၎င်းတို့၏နိုင်ငံသားဖြစ်ခွင့်မှာငြင်းပယ်ခံနေရသည်။

အသိအမှတ်ပြုခံရခြင်းမရှိသောလူနည်းစုများသည် ရွေးကောက်ပွဲများတွင်မဲပေးခွင့်၊ နိုင်ငံအတွင်းလွပ်လပ်စွာသွားလာပိုင်ခွင့်၊ မူလတန်း၊ အထက်ပညာရေးဆည်းပူးလေ့လာခွင့်နှင့် မြေယာဝယ်ယူပိုင်ဆိုင်ခွင့်ကဲ့သို့သော အခြေခံအခွင့်အရေးများကိုအာမခံချက်ပေးနိုင်မည့် နိုင်ငံသားစိစစ်ရေးကတ်ပြားကဲ့သို့သောတရားဝင်စာရွက်စာတမ်းများကို ရရှိနိုင်ခွင့်များမရရှိကြပါ။ ထို့အပြင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိတိုင်းရင်းသားလူမျိုးအားလုံးအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာတွင်လည်း အခက်အခဲများရင်ဆိုင်ကြရသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာတွင် မိသားစုဆွေစဉ်မျိုးဆက်ဇယားနှင့် တရားဝင်မှတ်တမ်းများလိုအပ်သည်။ ပဋိပက္ခများကြောင့်ထွက်ပြေးတိမ်းရှောင်ရပြီး တရားဝင်စာရွက်စာတမ်းများ ပျောက်ဆုံးပျက်စီးသွားသော ပြည်တွင်းနေရပ်ပြောင်းရွှေ့နေထိုင်သူများနှင့် ဒုက္ခသည်များသည် ၎င်းတို့၏အမည်နှင့် နေရပ်များအား ဗမာမှုပြုခံရပြီး မှတ်တမ်းထဲတွင် ကွဲလွဲမှုများရှိနေသောသူများသည် မှတ်ပုံတင်ပြုလုပ်ရာတွင် စိန်ခေါ်မှုများ ပိုမိုရင်ဆိုင်ရသည်။

လူမှုအသိုက်အဝန်းထဲတွင် လူမျိုးစုများ၏ဝိသေသလက္ခဏာများကို ထုတ်ဖော်သည့်အခါများ၌ ကြုံတွေ့ကြရသော ခြိမ်းခြောက်မှုပုံစံများကို ဤအစီရင်ခံစာမှ လေ့လာတင်ပြထားပါသည်။ ကျောင်းသင်ရိုးညွှန်းတမ်းများတွင် လူမျိုးစုအားလုံး၏ဘာသာစကား၊ သမိုင်းနှင့် ယဉ်ကျေးမှုများပါဝင်ခြင်း၏အရေးကြီးပုံနှင့်ပတ်သက်၍ ဆရာ၊ဆရာမများနှင့်ရွာသားများ၏အမြင်များကိုလည်းထည့်သွင်းထားပါသည်။ ထို့အပြင်လူမျိုးစုများ၏ အမည်၊ အလံ၊ သူရဲကောင်းများနှင့် အခြားသင်္ကေတများကိုလည်း လူမှုအသိုက်အဝန်း၏ အစိတ်အပိုင်းအားလုံးတွင် အသိအမှတ်ပြုနိုင်သည်အထိ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။

ဤအစီရင်ခံစာကိုထုတ်ပြန်ခြင်းဖြင့်ဒေသတွင်းနှင့် နိုင်ငံတကာအကျိုးသက်ဆိုင်သူများမှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏အတွေ့အကြုံနှင့်စိုးရိမ်မှုများကို ပိုမိုသိရှိနားလည်လာစေမည်ဟု ကရင်လူ့အခွင့်အရေးအဖွဲ့မှမျှော်လင့်ပါသည်။ ဤအစီရင်ခံစာထဲတွင် မြန်မာအစိုးရနှင့် အခြားသောအကျိုးသက်ဆိုင်သူများမှလူနည်းစုများ၏အခွင့်အရေးကိုကာကွယ်ရန်နှင့် လေးစားနိုင်ရန်အတွက် လုံလောက်သောအကြံပြုချက်များကိုလည်းပေးထားပါသည်။

ဆက်သွယ်ရန်:


စောနန္ဒဆူး – +95 (0) 77 675 3790

နော်ထူးထူး – +66 (0) 87 205 1856